# ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
# မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
# အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ စက်မှုအင်ဂျင်နီယာဌာန၊ သိမ်ဖြူသင်္ဘောကျင်းတွင် Pilot Boat (P-04) ရေယာဉ်အား ရေပေါ်ပိုင်းစစ်ဆေးပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်ရန်ရှိပါသည်။ အထက်ပါလုပ်ငန်းများအတွက် ဆောင်ရွက်ရမည့် ခန့်မှန်းခြေ စာရင်းများကို တင်ဒါပုံစံတွင် ပူးတွဲထားပါသည်။ အထက်ပါလုပ်ငန်းအတွက် လုပ်ခနှုန်းထားများ၊ လုပ်ငန်းရှင်မှ စိုက်ထုတ်ဆောင်ရွက်ရမည့် ပစ္စည်းများ၏ နှုန်းထားများကို တွက်ချက်၍ တင်ဒါတင်သွင်းလွှာပုံစံတွင် ဖြည့်စွက်ပြီးပစ္စည်းနှင့် လုပ်အားခ ဆိုဈေးနှုန်းများ တင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ လုပ်ငန်းရှင်များသည် ဖော်ပြပါလုပ်ငန်းကိုစိတ်ဝင်စားပါကသတ်မှတ်ထားသည့်ပုံစံတွင် ပစ္စည်းနှင့်လုပ်ခ ဆိုဈေးနှုန်းများ ကိုတွက်ချက်ဖော်ပြ၍ စာအိတ်ဖြင့်ချိတ်ပိတ် တင်သွင်းနိုင်ပါသည်။

၃။ တင်ဒါတင်သွင်းရာတွင် Pilot Boat (P-04) ရေယာဉ်အား ရေပေါ်ပိုင်းစစ်ဆေးပြုပြင်ခြင်းလုပ်ငန်း အတွက် စပေါ်ငွေ ကျပ်၂၀၀၀၀၀/-(ကျပ် နှစ်သိန်း တိတိ)ကို တင်ဒါစပေါ်ငွေအဖြစ် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ စာရင်းဌာနသို့ ပေးသွင်းရမည်။ စပေါ်ငွေပေးသွင်းထားသည့် ငွေရပြေစာမိတ္တူ (သို့မဟုတ်) ချလံမိတ္တူအား တင်ဒါ တင်သွင်းလွှာနှင့်အတူ ပူးတွဲတင်ပြရမည်။

၄။ ကန်ထရိုက်လုပ်ငန်းအတွက် တင်ဒါတင်သွင်းရာတွင် ပစ္စည်းနှင့်လုပ်အားခ ဆိုဈေးတင်သွင်းရမည့် ပုံစံများနှင့် တင်ဒါ စည်းကမ်းချက်ပါ စာရွက်စာတမ်းများကို ယနေ့မှစ၍ ( ၄ - ၇ - ၂၀၂၄) နေ့ ( ၁၂ : ၀၀ ) နာရီအတွင်း (ရုံးဖွင့်ရက်) ရုံးချိန်အတွင်း (သိမ်ဖြူသင်္ဘောကျင်း)တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၅။ တင်ဒါတင်သွင်းမှုဆိုင်ရာ အချက်အလက်များမှာအောက်ပါအတိုင်းဖြစ်ပါသည်။

| | |
|---|---|
| (က) တင်ဒါတင်သွင်းရမည့်ရုံးလိပ်စာနှင့် | - နိုင်-လူ-တိုး သင်တန်းခန်းမ၊ ပထမထပ်<br>မြန်မာ့ဆိပ်ကမ်းအာဏာပိုင်(ရုံးချုပ်) |
| လိပ်မူရမည့်ပုဂ္ဂိုလ် | - ဥက္ကဋ္ဌ၊ တင်ဒါလက်ခံရေးနှင့်စီစစ်ရေးကော်မတီ |
| (ခ) စပေါ်ငွေပေးသွင်းရမည့်နောက်ဆုံး နေ့ရက်/ အချိန် | - (၄ - ၇ - ၂၀၂၄) ရက် ( ၁၂ : ၀၀ ) နာရီ |
| နေရာ | စာရင်းဌာန(မြေညီထပ်)၊<br>မြန်မာ့ဆိပ်ကမ်းအာဏာပိုင်<br>အမှတ်(၁၀)၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့ |
| (ဂ) တင်ဒါတင်သွင်းရမည့်နောက်ဆုံး နေ့ရက်/ အချိန် | - ( ၄ - ၇ - ၂၀၂၄ ) ရက် ( ၁၂ : ၀၀ ) နာရီ |
| (ဃ) တင်ဒါဖွင့်လှစ်မည့်နေ့ရက်/အချိန် | - ( ၄ - ၇ - ၂၀၂၄ ) ရက် (၁၃ : ၀၀ ) နာရီ |
| နေရာ | နိုင်-လူ-တိုး သင်တန်းခန်းမ၊ ပထမထပ်<br>မြန်မာ့ဆိပ်ကမ်းအာဏာပိုင်(ရုံးချုပ်)<br>အမှတ်(၁၀)၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့။ |

၆။ တင်ဒါစိစစ်ရေးကော်မတီသည် ဈေးနှုန်းအနည်းဆုံးတင်သွင်းသည့် တင်ဒါတင်သွင်းလွှာကိုဖြစ်စေ၊ မည်သည့် တင်ဒါတင်သွင်းလွှာကိုဖြစ်စေလက်ခံခြင်းမပြုသင့်ဟုယူဆလျှင် ပယ်ဖျက်ခွင့်ရှိသည်။

၇။ အထက်ဖော်ပြပါလုပ်ငန်းနှင့် ပတ်သက်၍ အသေးစိတ် အချက်အလက်များကို ရုံးချိန်၌ သက်ဆိုင်ရာရုံးတွင် လာရောက် စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**